# ပြည်ထောင်စုမြန်မာနိုင်ငံ ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ဦးတည်သော အမျိုးသားပြန်လည်သင့်မြတ်ရေး အဆိုပြုချက်

***“အမျိုးသားပြန်လည်သင့်မြတ်ရေး တည်ဆောက်ရန် အချိန်မနှောင်းသေးချေ”***

ဒေါ်အောင်ဆန်းစုကြည်
အင်းစိန်အကျဉ်းထောင် အရာရှိဧည့်ဂေဟာ
၂၀–၅–၂၀၀၉

**အဖွင့်စကား**

ပြည်ထောင်စုမြန်မာနိုင်ငံသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အကြပ်အတည်းမျိုးစုံနှင့် ရင်ဆိုင်နေရပေရာ ၎င်းအကြပ်အတည်းတို့၏ အရင်းခံအကြောင်းတရားများဖြစ်သည့် ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် အမျိုးသားများ၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ပြဿနာတို့အား အဖြေရှာနိုင်ရန် အချိန်မနှောင်းသေးချေ။ အသက်ဝင်ခြင်း မရှိသေးသော ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်းကောင်း၊ ၂၀၁၀ အတွင်း ကျင်းပမည်ဆိုသော အထွေထွေ ရွေးကောက်ပွဲသည်လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားအင်အားစုများအားလုံးအတွက် တွေ့ဆုံဆွေးနွေးအဖြေရှာလိုပါက ဆွေးနွေးနိုင်ဖွယ်ရှိသော လမ်းစများပင် ဖြစ်သည်။

အမျိုးသားပြန်လည်သင့်မြတ်ရေး အခြေခံစိတ်စေတနာဖြင့် သက်ဆိုင်ရာ နိုင်ငံရေးအင်အားစုအသီးသီး ဝိုင်းဝန်းအဖြေရှာပါက တိုင်းပြည်ရင်ဆိုင်နေရသော ပြဿနာအကြပ်အတည်းပေါင်းစုံကို ကျော်လွှားနိုင်မည့်လမ်းစအား အလျှင်အမြန်တွေ့ရှိနိုင်ပေလိမ့်မည်။ ထို့ကြောင့်လည်း မိမိတို့ မြန်မာနိုင်ငံဒီမိုကရေစီနှင့် တိုင်းရင်းသားအင်အားစုများမှ “၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ”အား ပြန်လည်သုံးသပ် ပြင်ဆင်ပါက ယနေ့ကာလ တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အကြပ်အတည်းများအား ကျော်လွှား၍ တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ရေးလမ်းကြောင်းဆီသို့ ဦးတည်နိုင်လိမ့်မည်ဟု ယုံကြည်ပေသည်။ ထို့အပြင် မြန်မာ့တပ်မတော်အနေဖြင့်လည်း အသွင်ကူးပြောင်းရေးကာလ၌ အရေးကြီးသော နိုင်ငံရေး အခန်းကဏ္ဍအား မြန်မာနိုင်ငံ ဒီမိုကရေစီနှင့် တိုင်းရင်းသားအင်အားစုများနှင့်အတူ တိုင်းပြည်အား ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းပေါ်သို့ ခိုင်ခိုင်မာမာရောက်ရှိရန် ပူးတွဲတာဝန်ယူရမည်ဟု ယုံကြည်ပေသည်။ ထို့ကြောင့် ဤမြန်မာနိုင်ငံဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်မှုဆီသို့ ဦးတည်သော အမျိုးသားပြန်လည်သင့်မြတ်ရေး အဆိုပြုချက်အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့လည်းကောင်း၊ မြန်မာ့တပ်မတော်အပါအဝင် တိုင်းသူပြည်သားတို့အားလည်းကောင်း၊ နိုင်ငံတကာ အသိုင်းအဝိုင်းတို့အားလည်းကောင်း တင်ပြနိုင်ရန် မိမိတို့အင်အားစုအားလုံးအတွင်း အကြေအလည်ညှိနှိုင်း၍ ပြုစုရခြင်းဖြစ်ပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံသည် ညီညွတ်မှုကင်းမဲ့နေသဖြင့် ငြိမ်းချမ်းမှုကင်းမဲ့နေရပြီး ယနေ့ကြုံတွေ့နေကြရသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အနိဋ္ဌာရုံများဖြင့် ရင်ဆိုင်နေရခြင်းဖြစ်ပေသည်။ ဤအခြေအနေများမှ ကျော်လွှားနိုင်ရန်မှာ တိုင်းပြည်တွင်းရှိ လူမျိုးစုံပြည်သူတို့၏ ညီညွတ်မှုသည် အခြေခံအကြောင်းတရားဖြစ်ပေသည်။ ထို့ကြောင့်လည်း မိမိတို့ နိုင်ငံရေးအင်အားစုများအနေဖြင့် ယနေ့ကာလ တိုင်းပြည်၏အခြေခံ အကျဆုံးလိုအပ်ချက်သည် အမျိုးသားပြန်လည်သင့်မြတ်ရေးပင်ဖြစ်သည်ဟု ခံယူပေသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေး တည်ဆောက်နိုင်ပါက တိုင်းပြည်၏ ညီညွတ်မှုကိုလည်း တည်ဆောက်နိုင်ပေလိမ့်မည်။ ဤညီညွတ်မှုစွမ်းအားဖြင့် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်မှုဆီသို့ မိမိတို့၏ တိုင်းပြည်အား အလျှင်အမြန် သည်ဆောင်နိုင်လိမ့်မည်ဟုလည်း ယုံကြည်ပေသည်။ ထို့ကြောင့် သက်ဆိုင်သူ နိုင်ငံရေး အင်အားစု အသီးသီး“သူမနာကိုယ်မနာ”အခြေအနေဖြင့် ပြန်လည်သင့်မြတ်ကာ တိုင်းပြည်၏ ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအား ဆောင်ကျဉ်းနိုင်မည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ တင်ပြချက်ဖြစ်သော “အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ရွှေဂုံတိုင်ကြေညာချက်ပါ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအား ပြန်လည်သုံးသပ်ရေး” အဆိုပြုချက်အား ထောက်ခံ၊ ထင်ဟပ်သည့် ဤအမျိုးသားပြန်လည်သင့်မြတ်ရေးအဆိုပြုချက်အား မိမိတို့ဒီမိုကရေစီနှင့် တိုင်းရင်းသားအင်အားစုများမှ အကြေအလည် ဆွေးနွေးညှိနှိုင်းကာ အင်အားစုအားလုံး၏ ညီညွတ်သော အဆိုပြုချက် တရပ် ပေါ်ပေါက်ရန်လည်း ရည်ရွယ်ခဲ့ပါသည်။ ထို့အပြင် ဤညီညွတ်သော အမျိုးသားပြန်လည်သင့်မြတ်ရေး အဆိုပြုချက်သည် တိုင်းပြည်တွင်းရှိ အဓိက နိုင်ငံရေးအင်အားစုကြီးများဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ

ဒီမိုကရေစီ အဖွဲ့ချုပ်တို့၏ ရှေးဦးမဆွကပင် သဘောတူညီပြီးဖြစ်သော ပြည်ထောင်စုမူ၊ တိုင်းရင်းသားလူမျိုးများ၏ လူမျိုးရေးနှင့် နိုင်ငံရေးအရ တန်းတူ ရေးမူ၊ ပါတီစုံဒီမိုကရေစီစနစ်တည်ဆောက်ရေးမူ၊ အခြေခံလူ့အခွင့်အရေးများအား ကာကွယ်ပြဋ္ဌာန်းရေးမူနှင့် ပြည်ထောင်စုစနစ် ဖော်ဆောင် ရာတွင် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် ဟူသော လွှတ်တော် နှစ်ရပ်ထားရှိရေးမူ တို့နှင့်လည်း ကင်းလွတ်ခြင်းမရှိချေ။

၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြင့် တိုင်းပြည်၏ အရင်းခံပြဿနာများဖြစ်သော ဒီမိုကရေစီနှင့် အမျိုးသားများ၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ပြဿနာတို့အား ဖြေရှင်းနိုင်ရန် ခက်ခဲပေလိမ့်မည်။ တစုံတရာပြုပြင် ပြောင်းလဲနိုင်မှသာလျှင် ၎င်းအရင်းခံ ပြဿနာများအား ဖြေရှင်းနိုင်မည့်လမ်းစ ပွင့်ပေလိမ့်မည်။ သို့မဟုတ်ပါက တိုင်းရင်းသားလူမျိုးအင်အားစုများအပါအဝင် တိုင်းပြည်၏ အဓိကနိုင်ငံရေး အင်အားစုကြီးများအား တိုင်းပြည်၏ နိုင်ငံရေးဖြစ်စဉ်မှ ဖယ်ထုတ်ထားသကဲ့သို့ ဖြစ်ပေလိမ့်မည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးအားလည်း တည်ဆောက်ရာ ရောက်လိမ့်မည်မဟုတ်ချေ။ ပြည်တွင်းစစ်မီးလည်း ဆက်လက်တောက်လောင်နေပြီး တည်ငြိမ်မှု၊ ငြိမ်းချမ်းမှုတို့နှင့် အလှမ်းဝေးနေပေလိမ့်မည်။ ထိုသို့ဆိုလျှင် အဓိပ္ပာယ်ပြည့်ဝသော ဒီမိုကရေစီဝန်းကျင်အားလည်း တည်ဆောက်နိုင်မည် မဟုတ်ချေ။ တိုင်းပြည်သည် ဒေသတွင်းနှင့် နိုင်ငံတကာအလယ်တွင်လည်း ဂုဏ်သိက္ခာရှိရှိ ဆက်လက်ရပ်တည်ရန် အခက်အခဲ တို့ဖြင့် ရင်ဆိုင်ရပေလိမ့်မည်။

အမျိုးသားပြန်လည်သင့်မြတ်မှု တည်ဆောက်နိုင်မှသာလျှင် တိုင်းပြည်၏ဂုဏ်သိက္ခာအား ပြန်လည်မြှင့်တင်နိုင်မည့် အခြေအနေ ကောင်းများ အား ဆုပ်ကိုင်နိုင်မည်ဖြစ်ပေသည်။ ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည်ကဲ့သို့သော လူထုခေါင်းဆောင်များအပါအဝင် နိုင်ငံရေး အကျဉ်းသားများအား ပြန်လည်လွှတ်ပေးလျှက် ပါသင့်ပါထိုက်သော အင်အားစုအားလုံးဖြင့် ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအား ပြန်လည်မွမ်းမံ၍ အားလုံးလက်ခံနိုင်သည့် အခြေအနေတရပ်အား ဖန်တီးရန် အရေးတကြီးလိုအပ်လျှက်ရှိပေသည်။ ထိုသို့သော နိုင်ငံရေးအခြေအနေအောက်တွင်သာ တိုင်းပြည်၏ စီးပွားရေးနှင့် လူမှုရေးအခြေအနေများအား တည်ငြိမ်ပြီး ဖွံ့ဖြိုးလာစေရန် ဆောင်ကျဉ်းနိုင် ပေလိမ့်မည်။

လက်ရှိစီးပွားရေးအကြပ်အတည်းအောက်တွင် သန်းပေါင်းများစွာသော မြန်မာပြည်သူတို့ ဆင်းရဲမှုဘေးဒဏ်အရပ်ရပ်အား ခါးစည်း၍ ခံနေရပေသည်။ သယံဇာတပေါကြွယ်ဝသောတိုင်းပြည်တွင် စီးပွားရေးတိုးတက်မှုနှင့် ဂုဏ်သိက္ခာရှိသည့် လူနေမှုအဆင့်အတန်းအား မြန်မာပြည်သူတို့ခံစားနိုင်ရန် ငြင်းပယ်ခံနေရသကဲ့သို့ ဖြစ်နေပေသည်။ တိုင်းပြည်၏ ဥစ္စာဓနမှာလည်း လူနည်းစုကသာ ထိန်းချုပ်ထားနိုင်ပေသည်။ တိုင်းပြည်၏ အဓိကစီးပွားရေးကဏ္ဍဖြစ်သော လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ နလန်ထူနိုင်သည့်အခြေအနေမရှိဘဲ ဆန်အပါအဝင် လယ်ယာထွက်ပစ္စည်းများ၏ ကာလပေါက်ဈေးများမှာ ထုတ်လုပ်မှုစရိတ်အား ကာမိသည့်အခြေအနေပင် မရှိချေ။ နာဂစ်မုန်တိုင်းကြောင့်လည်း တိုင်းပြည်၏ ပင်မဆန်ထုတ်လုပ်ရာဒေသများနှင့် ငါးဖမ်းလုပ်ငန်းဒေသများ ပျက်စီးခဲ့ရပြီး တိုင်းပြည်၏ ပင်မစီးပွားရေးဖြစ်သော ကျေးလက်စီးပွားရေး ပြိုလဲခဲ့ရသည်။ ၂၀၀၉–၂၀၁၀ ခုနှစ်များတွင် ဆန်စပါးထုတ်လုပ်မှုအကြီးအကျယ်ကျဆင်းနိုင်ပြီး ဆန်လုပွဲများ၊ အဓိကရုဏ်းများ၊ လူမှုရေးမငြိမ်သက်မှုများ ဖြစ်ပွားလာနိုင်ဖွယ်ရှိသည်။ ကမ္ဘာစီးပွားရေးအကြပ်အတည်းကြောင့်လည်း ထိုအခြေအနေများအား ပိုမိုဆိုးဝါးစေပြီး အိမ်နီးချင်းနိုင်ငံများတွင် အလုပ်လုပ်ကိုင်နေကြရသော ရွှေ့ပြောင်း အလုပ်သမားများသည်လည်း မိမိတို့ အိုးအိမ်ရှိရာတိုင်းပြည်သို့ ထောင်နှင့်သောင်းနှင့်ချီ၍ ပြန်လာနေရပေသည်။ ပြည်တွင်း၌လည်း နိုင်ငံတကာ ရင်းနှီးမြုပ်နှံမှုများ လာရောက်၍ ရင်းနှီးမြုပ်နှံနိုင်သည့် ဝန်းကျင် အခြေအနေမရှိချေ။ လက်ရှိနိုင်ငံတကာ ရင်းနှီးမြုပ်နှံမှုများကလည်း မိမိတို့၏ ပြန်လည်အစားထိုး၍မရသော သဘာဝရအရင်းအမြစ်များ (သစ်တောရိုင်းများနှင့် သတ္တုများ)အား တပွဲထိုးထုတ်ယူ အသုံးချခြင်းများဖြင့်သာ သံသရာလည်လျက်ရှိသည်။ ထိုအခြေအနေများမှ ကျော်လွှားနိုင်သည့် ဝန်းကျင်အခြေအနေအား အလျှင်အမြန်တည်ဆောက်ရန် လိုအပ်ပေသည်။ ထိုအခြေအနေမှာ နိုင်ငံရေးပြေလည်မှုပင်ဖြစ်သည်။ တနည်းအားဖြင့် အမျိုးသားပြန်လည်သင့် မြတ်ရေးပင်ဖြစ်သည်။

ထို့ကြောင့် မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ၊ တိုင်းရင်း သားလူမျိုးများကောင်စီ၊ အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)၊ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု၊ မြန်မာနိုင်ငံကျောင်းသားလူငယ်များ ကွန်ကရက်၊ တိုင်းရင်းသားလူငယ်များအင်အားစုနှင့် ဒီမိုကရေစီနှင့် တိုင်းရင်းသားရေးကို အခြေခံသော နိုင်ငံရေးအဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများမှ (၁) အမျိုးသားပြန်လည်သင့်မြတ်ရေး၊ (၂) အာဏာချိန်ခွင်လျှာထိန်းညှိရေး၊ (၃) လူ့အခွင့်အရေးများအား ကာကွယ်စောင့်ရှောက်ရေး၊ (၄) တိုင်းရင်းသား လူမျိုးများ၏ အခွင့်အရေးများကို အသိအမှတ်ပြုရေးနှင့် (၅) တိုင်းသူပြည်သားအားလုံး တိုင်းပြည်၏ နိုင်ငံရေးဖြစ်စဉ်တွင်

ခိုင်ခိုင်မာမာ ပါဝင်ခွင့်ရရှိနိုင်ရေးစသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ခုအနေဖြင့် မဖြစ်မနေအခြေခံရမည့်မူ၊ အနှစ်သာရတို့ အပေါ်တွင် အခြေခံ၍ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအား ပြန်လည်ပြုပြင်နိုင်ရန်အတွက် ဆွေးနွေးသင့်သည့် အကြောင်းအရာများနှင့် အသွင်ကူးပြောင်းရေးကာလအတွင်း မဖြစ်မနေဆောင်ရွက်ရမည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး လုပ်ငန်းများအား အဆိုပြုတင်ပြထားပါသည်။ ဤသို့အဆိုပြုတင်ပြရာတွင် မြန်မာနိုင်ငံဒီမိုကရေစီနှင့် ဖွံ့ဖြိုးရေးဆီသို့ ဦးတည်သော အမျိုးသားပြန်လည်သင့်မြတ်ရေး အဆိုပြုချက်အဖြစ် ပြင်ဆင်ပြုစု၍ တင်ပြထားပါသည်။ အဆိုပြုချက်အား ပြင်ဆင်ပြုရာတွင်

(၁) ယုံကြည်မှု တည်ဆောက်ရေး ဆိုင်ရာတင်ပြချက်၊
(၂) အခြေခံဥပဒေ၏နောက်ခံသမိုင်းနှင့်အခြေခံမူများ၊ရွေးကောက်ပွဲ ဆိုင်ရာတင်ပြချက်
(၃) လုံခြုံရေးအဆောက်အအုံ ဆိုင်ရာတင်ပြချက်၊
(၄) အသွင်ကူးပြောင်းရေးကာလ လူမှုရေး စီးပွားရေး ဆိုင်ရာတင်ပြချက် များဟူ၍ ကဏ္ဍ ၄ ရပ်ခွဲခြား၍ ပြုစုတင်ပြထား ပါသည်။

နိဂုံးချုပ်အနေဖြင့် မိမိတို့မြန်မာနိုင်ငံ ဒီမိုကရေစီနှင့်တိုင်းရင်းသားအင်အားစုများ၊ ဒီမိုကရေစီနှင့် တိုင်းရင်းသား အရေးကို အခြေခံသော နိုင်ငံရေးအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ ယခုတင်ပြသော မြန်မာပြည် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ဦးတည်သော အမျိုးသားပြန်လည်သင့်မြတ်ရေး အဆိုပြုချက်အား မြန်မာပြည် ဒီမိုကရေစီရေးနှင့် တိုင်းရင်းသားများအရေး၊ လုပ်ရှားမှုကြီး တခုလုံး၏ အမျိုးသားပြန်လည်သင်မြတ်ရေး၊ စိတ်စေတနာနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်တည်ဆောက်ရေး အမြင်သဘောထားများအား ထင်ဟပ်ကိုယ်စားပြုသည့် တခုတည်းသော ညီညွတ်သည့် အဆိုပြုချက်အဖြစ် မြန်မာ့တပ်မတော်အပါအဝင် မြန်မာပြည်သူ အပေါင်းအားလည်း ကောင်း၊ နိုင်ငံတော်အေးချမ်းသားယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအားလည်းကောင်း၊ နိုင်ငံတကာမိသားစုသို့ လည်းကောင်း တင်ပြကြောင်းဖော်ပြလိုပေသည်။ နိုင်ငံတော် အေးချမ်းသားယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအနေဖြင့် မိမိတို့၏ အဆိုပြု ချက်အား ငြင်းပယ်လိမ့်မည်မဟုတ်ဟု ယုံကြည်သည်။ ထို့အပြင် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်နှင့် တကွ နိုင်ငံတကာမိသားစု အနေဖြင့်လည်း မိမိတို့၏ အဆိုပြုချက်အား နိုင်ငံတော် အေးချမ်းသားယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ခွန်ထွန်းဦးတို့ကဲ့သို့ ပါဝင်သင့်ပါဝင်ထိုက်သူများ၊ ဒီမိုကရေစီနှင့် တိုင်းရင်းသား အင်အားစုများ လက်တွဲ၍ ဝိုင်းဝန်းအကောင်အထည်ဖော်စေရန် လက်တွေ့ကျကျ ကူညီကြလိမ့်မည်ဟု မျှော်လင့် ယုံကြည်ပေသည်။

**၁ ။ <u>ယုံကြည်မှု တည်ဆောက်ရေး ဆိုင်ရာတင်ပြချက်၊</u>**

ယနေ့ မြန်မာပြည်တွေ့ကြုံနေရသော နိုင်ငံရေး၊စီးပွားရေး၊ လူမှုရေး အထွေထွေအကြပ်အတည်းများမှ လွတ်မြောက်ရန် အဓိကကျသော လတ်တလော နည်းလမ်းမှာ အမျိုးသားပြန်လည်သင့်မြတ်ရေး အခြေခံဖြင့် တွေ့ဆုံဆွေးနွေး အဖြေရှာရေး ပင်ဖြစ်သည်။ ဤအတွက် ယထာဘူတကျသော ယုံကြည်မှုတည်ဆောက်ရေးဖြစ်စဉ်ကို တွေ့ဆုံဆွေးနွေးဖြစ်စဉ် ပေါ်ပေါက် ရေးအတွက် နိုင်ငံရေးဝန်းကျင်တရပ် ပေါ်ပေါက်ရေးအတွက်သော်လည်းကောင်း၊ အသွင်းကူးပြောင်းရေး ကာလအတွင်း အနာဂတ်ပုံဖော်ရေးအတွက်သော်လည်းကောင်း အသေအချာပြင်ဆင်သွားကြရန် လိုအပ်ပေမည်။

ယနေ့မြန်မာပြည် အထွေထွေအကြပ်အတည်းများ ဖြေရှင်းရာတွင် အဓိကယုံကြည်မှုတည်ဆောက်ရမည့် သော့ချက် ပြဿနာများမှာ –

၁) ပြည်သူလူထုထံသို့အာဏာပြန်လည်အပ်နှင်းရေး
၂) နိုင်ငံသားတိုင်း၏ အခြေခံလူ့အခွင့်အရေး
၃) တိုင်းရင်းသားများ၏ ဆုံးရှုံးနေသော အခွင့်အရေးများ
၄) တပ်မတော်၏ အခန်းကဏ္ဍ
၅) ပြည်သူများ၏ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို အသိအမှတ်ပြုရေး
၆) ၉၀ ရွေးကောက်ပွဲ၏ အခန်းကဏ္ဍ တို့ပင်ဖြစ်ပါသည်။

၁) ယုံကြည်မှုရှိသည့် နိုင်ငံရေးဝန်းကျင်တရပ်ဖော်ဆောင်ရေး

တဦးနှင့်တဦး အပြန်အလှန်ယုံကြည်မှုရှိသည့် နိုင်ငံရေးဝန်းကျင်တရပ် ပေါ်ထွန်းလာရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်သော တွေ့ဆုံဆွေးနွေးမှုဖြစ်စဉ်တရပ် အစပြုနိုင်ရန် လိုအပ်မည်။ ၎င်းအတွက် လက်တွေ့ကျသော ကနဦး အပြုအမူလုပ်ရပ်များနှင့် ခံယူရန်သဘောထားများလိုအပ်ပါလိမ့်မည်။

(က) လက်တွေ့ကျသော အပြုအမူဆောင်ရွက်ချက်များ

- ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံးချွင်းချက်မရှိ လွတ်မြောက်ရေး
- တနိုင်ငံလုံး လွှမ်းခြုံသည့် အပစ်အခတ်ရပ်စဲရေး
- ရန်လိုသည့် အပြုအမူများရပ်စဲရေး
- အပြန်အလှန်လုံခြုံမှုအာမခံရေး

(ခ) ယုံကြည်မှုတည်ဆောက်ရေးဖြစ်စဉ်တလျှောက်လုံးအတွက် ခံယူရန် သဘောထားများ

အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ယုံကြည်မှုတည်ဆောက်ရာတွင် ပါဝင်သက်ဆိုင်နေသော အင်အားစုအားလုံး အနေဖြင့် စိတ်ဓါတ်ရေးရာ အရ အောက်ပါအခြေခံသဘောထားများကို ခံယူနိုင်မှသာ တွေ့ဆုံဆွေးနွေးအဖြေရှာရေးကို အောင်မြင်နိုင်မည်ဟု ယူဆပါသည်။

- ပြည်သူလူထု၏ အကျိုးစီးပွားကို အဓိကထားရေး
- ပွင့်လင်းရိုးသားမှုနှင့်အပြန်အလှန်လေးစားလိုက်နာရေး
- အပြန်အလှန်အသိအမှတ်ပြုမှုရှိသည့် အပြုသဘောဆောင်သည့် ဆက်ဆံရေးတရပ် ထူထောင်ရေး
- ငြိမ်းချမ်းချောမွေ့သော နည်းကို အသုံးချရေး
- အာဃာတကင်းစင်သော အထွေထွေသဟဇာတဖြစ်မှုကို ရှေ့ရှုရေး
- အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုရရှိရေး

၂ ) ယုံကြည်မှုတိုးတက်တည်ဆောက်ရေး

ကနဦးတွေ့ဆုံဆွေးနွေးမှုများအဆင့် အသွင်ကူးပြောင်းရေးအဆင့်များဆီသို့ ဦးတည်လာသည်နှင့်အညီယုံကြည်မှု အဆင့်များ ပိုမိုတိုးမြှင့် စေရန် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံရေးရင့်ကျက်မှုများကို ဖန်တီးရမည်ဖြစ်သည်။ ၎င်းအခြေအနေများ ဖော်ဆောင်နိုင်ရန်အတွက်

- လူသားချင်းစာနာမှုဆိုင်ရာ၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ၊ စီးပွားရေးကိစ္စရပ်များအတွက် အလားတူ တွေ့ဆုံဆွေးနွေးအဖြေ ရှာမှုများ တပြိုင်နက်ပြုလုပ်သွားရန်။
- ပြန်လည်သင့်မြတ်ရေးဖြစ်စဉ်အောင်မြင်မှုတိုးတက်မှုများနှင့်အညီ နိုင်ငံတကာ၏ ဖိအားပေး ပိတ်ဆို့မှုများ အဆင့်လိုက် လျော့ချသွားနိုင်ရေးနှင့်ကူညီပံ့ပိုးမှုများ ပိုမိုရရှိလာရေးအတွက် အတူတကွကြိုးပမ်းသွားရန်။
- တိုင်းရင်းသားများ၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ကို အာမခံနိုင်သည့် အခြေခံ အုတ်မြစ်များကို ဖွဲ့စည်းပုံအခြေ ခံဥပဒေတွင် ပြဌာန်းနိုင်ရေးအတွက် ဆွေးနွေးသွားရန်။
- လူ့အခွင့်အရေးချိုးဖောက်ခံရမှုများ၊ ဆုံးရှုံးနစ်နာမှုများအတွက် တရားမျှတ၍ သင့်တော်သော အစီအစဉ်တရပ် ဖော်ထုတ်သွားရန်။ မုန်းတီးနာကျင်မှုများ ပပျောက်ရေးနှင့် ဆုံးရှုံးနစ်နာမှု များအတွက် ကုစားရေးအစီအစဉ်များကို အနိမ့်ဆုံးအနေဖြင့် ထည့်သွင်းရန်။ **(Healing and Reparation Process)**
- တိုင်းပြည်ပြန်လည်တည်ဆောက်မှုဖြစ်စဉ်များတွင် တိုင်းရင်းသားလူမျိုးများ၏ ပါဝင်ဆုံးဖြတ် ဆောင်ရွက်ခွင့်ရစေရန်၊

- ခေတ်မီတိုးတက်သော၊ ပေါင်းစပ်ဖွဲ့စည်းမည့် တပ်မတော်၏ အနာဂတ်အခန်းကဏ္ဍကို ဖော်ထုတ်အသိအမှတ်ပြုရန်
- မြန်မာအပါအဝင်တိုင်းရင်းသားလူမျိုးများအကြားရင်းနှီးမှု၊ အပြန်အလှန်နားလည်မှု၊ အသိအမှတ်ပြုမှု တိုးမြှင့်ရေး အစီအစဉ်များ ပြုလုပ်ရန်။
- ပြည်တွင်းငြိမ်းချမ်းမှုတည်ဆောက်ရေးဖြစ်စဉ်နှင့် တိုင်းပြည်ပြန်လည်တည်ဆောက်ရေးဖြစ်စဉ် အစီအစဉ် အဆင့်ဆင့် တွင် အမျိုးသမီးများ၏ ပါဝင်မှုတိုးမြှင့်ရေးအစီအစဉ်များ ပြုလုပ်ရန်။
- တိုင်းပြည်တည်ဆောက်ရေးဖြစ်စဉ်တွင် လူနည်းစုအုပ်စုများ၏ ပါဝင်မှုတိုးမြှင့်ရန် အစရှိသည်တို့ကို ဖော်ဆောင်သွား ရပေလိမ့်မည်။

## ၂။ အခြေခံဥပဒေ၏နောက်ခံသမိုင်းနှင့်အခြေခံမူများ၊ရွေးကောက်ပွဲ ဆိုင်ရာတင်ပြချက်

### *နောက်ခံသမိုင်းကြောင်း*

လက်ရှိမြန်မာပြည်တွင် ရင်ဆိုင်နေရသော ဖွဲ့စည်းပုံ အခြေခံဥပဒေပြဿနာ၏ အဖြေမှာ တိုင်းရင်းသား ပြည်သူလူထုအပေါင်း တညီတညွတ်တည်း ယုံကြည်လက်ခံအတည်ပြုပေးနိုင်မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေတရပ် စစ်မှန်စွာ ပေါ်ထွက်လာရေး ဖြစ်သည်။

အဆိုပါ အခြေခံဥပဒေတရပ်ဖြင့် ခိုင်မာညီညွတ်သော အစိုးရတရပ်ကို ဖော်ဆောင်နိုင်မှသာလျှင် လက်ရှိ ရင်ဆိုင်နေရသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အကြပ်အတည်းများကို ဖြေရှင်းနိုင်မည်။ ဤအကြပ်အတည်းများအား နအဖ အစိုးရက ကမကထပြုဖော်ဆောင်ထားသော "ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)" အရ ပေါ်ထွက်လာသောအစိုးရတရပ်က ဖြေရှင်းနိုင်မည် မဟုတ်ဟု ရိုးသားစွာ ယုံကြည်သည်။ ၁၉၉၃ ခုနှစ်တွင် ကျင်းပခဲ့သော အမျိုးသားညီလာခံ၌ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က အခြေခံဥပဒေဆိုင်ရာ အခြေခံမူများကို အဆိုပြုခဲ့ပြီး၊ တိုင်းရင်းသား နိုင်ငံရေးပါတီများ၏ တပ်ပေါင်းစုဖြစ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီ အဖွဲ့ချုပ်၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် စသည့် တိုင်းရင်းသားအဖွဲ့များနှင့်လည်း ပြည်ထောင်စုမူများကို သဘောတူညီမှု ရယူနိုင်ခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားနိုင်ငံရေးပါတီများ၏ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ ဖွဲ့စည်းပြီးနောက်ပိုင်းတွင်လည်း ဒီမိုကရေစီရေး ပြည်ထောင်စုအရေးနှင့် တိုင်းပြည်ပြန်လည်ထူထောင်ရေးဆိုင်ရာ စာတမ်းများ၊ သဘောထားများ၊ ရေးသားပြုစုနိုင်ခဲ့သည်။

၁၉၉၃ ခုနှစ်တွင် စတင်ကျင်းပခဲ့သော အမျိုးသားညီလာခံ၌ အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များကလည်း ၄င်းတို့၏ မျှော်မှန်းချက်များ ပြည်ထောင်စုနှင့်ပတ်သက်သော မူဝါဒသဘောထားများ ရသင့်ရထိုက်သော အခွင့်အရေးများကို စာတမ်းများပြုစု၍ တင်ပြခဲ့ကြပါသည်။

အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု၏ ဖယ်ဒရယ်ပြည်ထောင်စုဆိုင်ရာ မူ(၈)ချက်အပေါ်အခြေခံ၍ မြန်မာပြည် ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ချုပ်က ဖယ်ဒရယ်ဖွဲ့စည်းပုံအခြေခံ ဥပဒေတရပ်ကို ပထမဆုံးဦးဆောင်ရေးဆွဲခဲ့သည်။ နောက်ပိုင်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး အစီအစဉ်တို့က ဤအခြေခံဥပဒေရေးဆွဲရေး အစီအစဉ်ကို ဆက်လက်ဖော်ဆောင်ရာတွင် ပြည်နယ်/ဒေသ အလိုက်အခြေခံဥပဒေ ရေးဆွဲနိုင်ရန် ဖက်ဒရယ်အခြေခံဥပဒေ ရေးဆွဲရေးကော်မတီနှင့် ပြည်နယ်/ဒေသအခြေခံဥပဒေရေးဆွဲရေး ကော်မတီများ ဖွဲ့စည်း တည်ထောင်ခဲ့သည်။ ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် အခြေခံမူများကို ဒီမိုကရေစီနှင့် တိုင်းရင်းသားအဖွဲ့ အစည်းအားလုံးက တညီတညွတ်တည်း ထောက်ခံအတည်ပြုခဲ့ကြသည်။

ဤကဲ့သို့ ပြည်တွင်းပြည်ပ ဒီမိုကရေစီနှင့် တိုင်းရင်းသားအင်အားစုများအကြားတွင် မိမိတို့၏ ကိုယ်ပိုင် အခြေခံဥပဒေ ဆိုင်ရာမူဝါဒသဘောထားများကို အကြေအလည် ညှိနှိုင်းဆွေးနွေးထားပြီး မူကြမ်းအဆင့်အထိ ရေးဆွဲပြုစု ထားခဲ့

ခြင်းများရှိသော်လည်း လက်ရှိ နအဖက ကမကထပြု ရေးဆွဲထားသော "ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်)" အား ပြန်လည်ပြင်ဆင်သွားရန် တိုင်းပြည်နှင့်ပြည်သူလူထု၏ ရေရှည်အကျိုး စီးပွားကို မျှော်ကိုး၍ မိမိတို့ဒီမိုက ရေစီနှင့် တိုင်းရင်းသားလှုပ်ရှားမှုကြီးက အဆိုပြုရခြင်းဖြစ်ပါသည်။

ယင်းသို့ ပြန်လည် ပြင်ဆင်ရာတွင် ဦးစားပေး ထည့်သွင်းစဉ်းစားသင့်သည့် အခြေခံသဘောထားများမှာ–

- **အမျိုးသားပြန်လည်သင့်မြတ်ရေး**

ဖွဲ့စည်းပုံအခြေခံ၏ ပင်မအနှစ်သာရအဖြစ် ဒီမိုကရေစီနှင့် တိုင်းရင်းသားတန်းတူညီမျှရေးကို အာမခံချက်ရှိရန် လိုအပ်သည်။ တပ်မတော်၏ အခန်းကဏ္ဍသည် နိုင်ငံတော်ပြန်လည်ထူထောင်ရေးနှင့် အသွင်ကူးပြောင်းရေး ကဏ္ဍတွင် ပါဝင်ထမ်းရွက်နိုင်စွမ်းရှိသည်ကို အသိအမှတ်ပြု၍ ရွေးကောက်ခံအရပ်ဘက်နှင့် တိုင်းရင်းသား ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍကိုလည်း၊ တပ်မတော်က အပြန်အလှန် လက်ခံအသိအမှတ်ပြုရန်လိုအပ်သည်။

- **အာဏာချိန်ခွင်လျှာထိန်းညှိရေး**

အုပ်ချုပ်ရေး၊ ဥပဒေပြုရေး နှင့်တရားစီရင်ရေး ကဏ္ဍများအကြား အာဏာချိန်ခွင်လျှာနှင့် တာဝန်များကို ထိန်းညှိရမည်။ လွတ်လပ်သော တရားစီရင်ရေးအား အခြေခံဥပဒေဖြင့် အကာအကွယ်ပေးရမည်။ ဥပဒေပြုရေးသည် ပြည်သူလူထုအား အမှန်တကယ်ကိုယ်စားပြုသော လွှတ်တော်၏ လုပ်ငန်းဖြစ်ရမည်။ ပြည်ထောင်စုနှင့် ပြည်နယ်/ဒေသကြီး တို့အကြား အာဏာခွဲဝေမှုကို သင့်လျော်မျှတအောင် ဆောင်ရွက်သင့်သည်။

- **လူ့အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့်တရားဥပဒေစိုးမိုးရေး**

နိုင်ငံသားတိုင်း၏ လူ့အခွင့်အရေးဆိုင်ရာ အခြေခံရပိုင်ခွင့်များဖြစ်သော လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ် စွာစုဝေးခွင့်၊ လွတ်လပ်စွာသင်းပင်းဖွဲ့စည်းခွင့်၊ တရားလက်လွတ်ဖမ်းဆီး ပစ္စည်းသိမ်းမခံရခွင့်၊ လွတ်လပ်စွာ ကိုးကွယ်ခွင့်၊ ဘာသာစကားလွတ်လပ်ခွင့်၊ စာနယ်ဇင်းလွတ်လပ်ခွင့်၊ လွတ်လပ်စွာစိုက်ပျိုးခွင့်၊ မြေယာပိုင်ဆိုင်ခွင့်၊ ဥပဒေ ရှေ့မှောက်တွင် တန်းတူညီမျှခွင့်နှင့် အလုပ်သမားအခွင့်အရေးများစသည်တို့ကို အခြေခံဥပဒေအရ အာမခံရန် လိုအပ် သည်။ တိုင်းရင်းသား လူမျိုးများ၏အခွင့်အရေး၊ ကျား/မ တန်းတူရေးနှင့် လူနည်းစုအခွင့်အရေးများကို အခြေခံ ဥပဒေအရ အကာအကွယ်ပေးရမည်။ ဤအခွင့်အရေးများသည် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ သဘောတူညီချက်များ၊ ပြဋ္ဌာန်း ချက်များနှင့် အညီဖြစ်ရမည်။ အခြေခံဥပဒေတွင် နိုင်ငံလုံးဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်တရပ် တည်ထောင်ရေးပါရှိ ရမည်။ အဆိုပါကော်မရှင်သည် ပြည်သူ့လွှတ်တော်ကို အစီရင်ခံရမည်။

တရားဥပဒေစိုးမိုးရေးအခြေခံများဖြစ်သော လွှတ်တော်၏ ဥပဒေပြုမှုအာဏာ၊ လွတ်လပ်သောတရားစီရင်ရေး၊ မီဒီ ယာလွတ်လပ်ခွင့်များ အားကောင်းရန် အခြေခံဥပဒေအရ အာမခံရမည်။

- **တိုင်းရင်းသားတန်းတူရေးနှင့်တိုင်းရင်းသားလူမျိုးများ အခွင့်အရေး**

အခြေခံဥပဒေတွင် တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေး၊ စာပေနှင့်ယဉ်ကျေးမှု စောင့်ရှောက် မြှင့်တင် ရေးကို အာမခံရမည်။ တိုင်းရင်းသားလူမျိုးများအကြား နိုင်ငံရေးအရ တန်းတူရည်တူဖြစ်စေရန် အမျိုးသား လွှတ်တော်တွင် တိုင်းရင်းသားလူမျိုးအစုတိုင်း တန်းတူကိုယ်စားပြုခွင့်ရှိရေးအား အခြေခံဥပဒေဖြင့်အာမခံရမည်။ ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေမှုစဉ်းစားရာတွင် ပင်လုံစိတ်ဓါတ်နှင့် ပင်လုံစာချုပ်ပါအနှစ်သာရများကို အခြေခံသင့် သည်။ လူမျိုးအပေါ်အခြေခံသည့် ခွဲခြားဆက်ဆံမှုမရှိရေးကို အခြေခံဥပဒေဖြင့် အကာအကွယ်ပေးရမည်။

- **ဖွဲ့စည်းပုံပြင်ဆင်ချက်အား ပြောင်းလွယ်ပြင်လွယ်ဖြစ်အောင် ပုဒ်မထားရှိရေး**

အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည့်၊ ပြည်တွင်း၊ပြည်ပ ဒီမိုကရေစီနှင့်တိုင်းရင်းသားအင်အားစုများက ဖွဲ့စည်းပုံ ဆိုင်ရာ ပြင်ဆင်ဆွေးနွေးမှုများကိုကြည့်လျှင်၊ အများစု၏ဆန္ဒမှာ ဒီမိုကရေစီပြည့်ဝသော တိုင်းရင်းသားလူမျိုးအားလုံး၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော၊ ပြည်ထောင်စုတည်ဆောက်ရေးဖြစ်သည်ကို အထင်အရှားတွေ့ရှိရပေသည်။ ထို့ကြောင့် ဖွဲ့စည်းပုံ ရေးဆွဲရေးလုပ်ငန်းစဉ်သည် တိုးတက်ပြောင်းလဲနေသောဖြစ်စဉ်(open ended process) တခု ဖြစ်သင့်သည်ဟု ခံယူပေသည်။ ဆက်လက်ညှိနှိုင်းဆွေးနွေးမှုကိုလည်း လမ်းဖွင့်ပေးထားသင့်သည်။ ဒီမိုကရေစီ အသွင်

ကူးပြောင်းရေးကာလအတွင်း နိုင်ငံရေးခေါင်းဆောင်များ၊ တပ်မတော်ခေါင်းဆောင်များ၊ တိုင်းရင်းသား ခေါင်းဆောင်များ အကြား နိုင်ငံရေးရင့်ကျက်မှုများ ပိုမိုရင့်သန်လာကာ ယင်းအခြေခံပေါ်တွင် ၊ ဒီမိုကရေစီဖွဲ့စည်းပုံဆိုင်ရာ သဘောတူညီမှုများ ပိုမိုရရှိလာနိုင်သည်ဟု ယူဆပေသည်။ ဒီမိုကရေစီအခြေခံအုတ်မြစ်ကို ပိုမိုခိုင်မာစွာချမှတ်နိုင်လိမ့်မည်။

ယင်းသဘောတူညီမှုများနှင့်အညီ၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်ပြင်ဆင်ဖြည့်စွက်နိုင်ရေးအတွက်၊ ဖွဲ့စည်းပုံပြင် ဆင်မှုဆိုင်ရာ၊ ပုဒ်မကို ပြောင်းလွယ်၊ ပြင်လွယ်ဖြစ်အောင်ရေးဆွဲထားသင့်သည်။

- **နိုင်ငံရေးဖြစ်စဉ်တွင် နိုင်ငံသားအားလုံး ဥပဒေအရပါဝင်ခွင့်**

နိုင်ငံသားတဦးချင်းစီ၏အခွင့်အရေးကို စောင့်ရှောက်မြှင့်တင်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံရေးပါတီများ၏ နိုင်ငံရေးလွတ်လပ်ခွင့်တို့ကို အခြေခံဥပဒေအရ အာမခံချက်ရှိရမည်။ နိုင်ငံသားများအနေဖြင့် မျက်မှောက်နိုင်ငံရေး ဖြစ်စဉ်များနှင့် အနာဂါတ်နိုင်ငံရေးဖြစ်စဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ခွင့် ရရှိရေးကို အခြေခံဥပဒေအရ အာမခံချက်ရှိစေရမည်။ ဤနိုင်ငံရေး ဖြစ်စဉ်များတွင်ကျားမ တန်းတူ ပါဝင်ဆောင်ရွက်နိုင်ခွင့်ကိုဥပဒေအရအာမခံရမည်။

***နအဖ၏ ၂၀၀၈ အခြေခံဥပဒေပါ တွေ့ဆုံဆွေးနွေးအဖြေရှာသင့်သော ပြဋ္ဌာန်းချက်များ***

၁။ နအဖ အခြေခံဥပဒေ၏ အတိအလင်းကြေညာထားသော ဦးတည်ချက်တခုမှာ–တပ်မတော်အား အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍပေးရေးဖြစ်သည်။ ယင်းအကျိုးဆက်အဖြစ် ပြည်နယ်လွှတ်တော်တိုင်းတွင်၄င်း၊ အမျိုးသား လွှတ်တော်နှင့်ပြည်သူ့လွှတ်တော်နှစ်ရပ်လုံးတွင်၄င်း စစ်တပ်မှကိုယ်စားလှယ်များက ၂၅ ရာခိုင်နှုန်း ရယူထားသည့်အပြင် သမတ ရွေးကောက်ရန် သမတလောင်း သုံးဦးအနက်မှ တဦးကို လည်းစစ်တပ်မှ ရွေးချယ်ခွင့်ပေးထားခြင်း။

၂။ တပ်မတော်သည် တပ်ပိုင်းဆိုင်ရာ ကိစ္စအားလုံးကို လွတ်လပ်စွာ စီမံခန့်ခွဲစီရင်ဆောင်ရွက်ပိုင်ခွင့်ရှိခြင်း။

၃။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီကို (၁၁) ဦးဖြင့် ဖွဲ့စည်းထားရာ ဒု–သမတ၊ ကာကွယ်ရေးဦးစီချုပ်၊ ဒု–ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီး၊ စုစုပေါင်း (၆)ဦးဖြင့် အများစုမဲ တပါတည်း ရယူထားခြင်း။

၄။ အရေးပေါ်အခြေအနေ ကြေညာရေးနှင့် သက်ဆိုင်သော ပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်အား အရေးပေါ် အခြေအနေ တွင် လုပ်ပိုင်ခွင့်အလွန်အကျွံပေးထားခြင်း။

၅။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းနှင့်စပ်လျဥ်း၍ အချို့သောအရေးကြီးသည့် ပြဋ္ဌာန်းချက်များကို ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ်အားလုံး၏ (၇၅) ရာခိုင်နှုန်းကျော်ကပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရမည်ဟု ပြဋ္ဌာန်းလျှက် မည်သို့မျှပြင်ဆင်ခွင့် မရနိုင်အောင် သတ်မှတ်ထားခြင်း။

၆။ အုပ်ချုပ်ရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတိုင်းဒေသကြီး ပြည်နယ်ပြည်ထောင်စုနယ်မြေနှင့် ကိုယ်ပိုင်အုပ်ချုပ်ရေးခွင့်ရ စီရင်စုတို့တွင်လည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ခြင်း။

၇။ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်းနှင်စပ်လျဉ်း၍ ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဌာနများအတွက် တပ်မတော်သားအမည်စာရင်းကို နိုင်ငံတော်သမတမှ ရယူရမည်ဟု ပြဋ္ဌာန်းထားခြင်း အပြင် အဆိုပါဝန်ကြီး၊ ဒုဝန်ကြီး(တပ်မတော်သား) တို့၏ ရာထူးနှုတ်ထွက်ရမည့် အရေးနှင့်ပတ်သက်လာလျှင် နိုင်ငံတော် သမတသည် ကာကွယ်ရေးဦးစီးချုပ်နှင့် ညှိနှိုင်းဆောင်ရွက်ရန် ပြဋ္ဌာန်းထားခြင်း။

၈။ နိုင်ငံတော်သမ္မတနှင့် ဒု–သမ္မတ၏ အရည်အချင်းများတွင် စစ်ရေးအမြင်ရှိရမည်ဟူသောအချက် အပါအဝင်သမတနှင့် ဒု–သမ္မတရာထူးအတွက် ကိုယ်စားလှယ်လောင်းအရည်အချင်း ကန့်သတ်ချက်များက ဒေါ်အောင်ဆန်းစုကြည်အပါအဝင် လူအ မြောက်အမြားကို ရွေးကောက်ပွဲမဝင်နိုင်အောင် တားဆီးထားခြင်း။

၉။ နအဖအခြေခံဥပဒေက နိုင်ငံလုံးဆိုင်ရာယဉ်ကျေးမှုတရပ်ကိုသာ အခွင့်အာဏာပေးထားပြီး မြန်မာ့လူ့အဖွဲ့အစည်း၏ ရှုပ်ထွေးမှုကို မျက်ကွယ်ပြုထားသည်။ နိုင်ငံအမျိုးအစား၊ ကိုယ်ပိုင်အမှတ်လက္ခဏာ၊ ဘာသာစကား၊ နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်စသည်တို့နှင့်ပတ်သက်၍ ယှဉ်ပြိုင်အယူအဆများကို လျစ်လျူရှုထားသည်။ အခြေခံဥပဒေသည် ဥပဒေပြု လွှတ်တော်များအတွင်း တိုင်းရင်းသားလူမျိုးများ၏ လုပ်ငန်းတာဝန်နှင့်အာဏာကို သတ်မှတ်နယ်ပယ် အနည်းငယ်တွင်သာ ကန့်သတ်ထားပြီး ပြည်နယ်အခြေခံဥပဒေ သို့မဟုတ် ဒေသအလိုက် အခြေခံဥပဒေများလည်း ဆွဲခွင့်ပေးမထားပေ။ ထို့ပြင် "သင့်တော်သည့် လူဦးရေပမာဏ" ရှိသောတိုင်းရင်းသားများသာ ဒေသလွှတ်တော်၊ ပြည်နယ်လွှတ်တော်များတွင် ပါဝင်နိုင်သည်။ မြေယာနှင့် မြေပေါ်မြေအောက်သယံဇာတပစ္စည်းများ ပိုင်ဆိုင်မှု၊ အသုံးချမှုဆိုင်ရာ ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရအကြား သင့်မြတ်လျော်ကန်သည့် ပြဋ္ဌာန်းချက်များ ပါဝင်သင့်ခြင်း။

၁၀။ အာဏာပိုင်းခြားရေးကို"ဖြစ်နိုင်သည့်အတိုင်းအတာအထိ"လုပ်ဆောင်ထားခြင်း။ ဤသတ်မှတ်ချက်သည် ဥပဒေအရ ဝေဝေဝါးဝါးနိုင်ပြီး (စစ်တပ်လွှမ်းမိုးထားသည့်) အုပ်ချုပ်ရေးကဏ္ဍက တရားရေးကဏ္ဍကိုကျော်လွှန်နိုင်ရန် အခွင့်အလမ်းပေး ထားခြင်း။

၁၁။ လုပ်ငန်းတာဝန်ကို ကျေပွန်စွာမထမ်းဆောင်နိုင်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီး အားရာထူးမှ နုတ်ထွက်ရန် ညွှန်ကြားနိုင်သည်။ ညွှန်ကြားသည့်အတိုင်း လိုက်နာခြင်းမပြုလျှင် တာဝန်မှ ရပ်စဲ ရမည်ဟု ပြဋ္ဌာန်း ထားခြင်း။

၁၂။ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးများ သို့မဟုတ် အခြားရာထူးများ ခန့်အပ်ခံရသည့် တပ်မှူးများသည် မိမိတို့၏စစ်ဘက် ရာထူးများ ဆက်လက်ခံယူထားလျက် မိခင်ဌာနများသို့ ပြန်သွားနိုင်သော်လည်း အရပ်သားဝန်ထမ်း အားလုံးမှာမူ လွှတ်တော်ထဲမဝင်မီ သို့မဟုတ် သမတသော်လည်းကောင်း၊ အခြားအစိုးရဌာနများကသော်လည်းကောင်း တာဝန်မပေးမီ မိမိတို့ရာထူးများမှ နုတ်ထွက်ရန် လိုအပ်ခြင်း။

တိုင်းရင်းသား ပြည်သူလူထုအပေါင်း တညီတညွတ်တည်း ယုံကြည်လက်ခံနိုင်သော ဖွဲ့စည်းပုံအခြေခံဥပေဒတရပ် အပေါ်သဘောတူညီချက်ရရှိရေးသည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးဖြစ်စဉ်တွင် အဓိက ကျသည့်အချက်ဖြစ်သည်။ ဤအချက်သည် တပ်မတော်ခေါင်းဆောင်များ၊ လူထုမှရွေးကောက်တင် မြှောက်ထားသော ဒီမိုကရေစီခေါင်းဆောင်များနှင့် တိုင်းရင်းသားလူမျိုးခေါင်းဆောင်များအကြား၊ ရင်ကြားစေ့ရေး တည်ဆောက်နိုင်ရန်၊ အရေး ပါသည့် ပထမခြေလှမ်းဖြစ်သည်ဟု ယုံကြည်သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ကြေညာချက်အမှတ် ၁/၉၀ အပိုဒ် (၂၀)အရ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်များသည်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲရန်တာဝန်ရှိသူများဖြစ်ကြပါသည်။ "ပြည်ထောင်စု မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)"သည် ယနေ့အထိ အာဏာမတည်သေးပါ။

လက်ရှိအနေအထားအရ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်၍ လွှတ်တော်အာဏာစက်ဖြင့် တရားနည်းလမ်း တကျ ဆောင်ရွက်နိုင်ရန်နှင့် ပေါ်ပေါက်လာမည့် အခြေခံဥပဒေအကြပ်အတည်း ပြဿနာများအား၊ ရှောင်လွှဲနိုင်ရန်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က သက်ဆိုင်သူများအားလုံးပါဝင်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်သုံးသပ်ရေး ကော်မတီ တရပ် ဖွဲ့စည်းလျှက် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် တင်ပြထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်းဖြင့်သာ လက်ရှိ"ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈)" ကို ပြန်လည်ပြင်ဆင်နိုင်ပြီး တိုင်းပြည်၏ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ လုံခြုံရေးဆိုင်ရာ အခက်အခဲ အကြပ်အတည်း အားလုံးအား အဖြေရှာနိုင်မည်ဟု ခိုင်မာစွာယုံကြည်ပါသည်။

၃။ လုံခြုံရေးဆိုင်ရာကဏ္ဍ

(က) လုံခြုံရေးဆိုင်ရာ အဆောက်အအုံ ပြန်လည်ပြုပြင်ရေးနှင့် ပေါင်းစပ်ဖွဲ့စည်းရေးအတွက် သင့်လျော်သော အစီအစဉ် တရပ်ပြုလုပ်ရန်

မြန်မာနိုင်ငံ၏ ပြည်တွင်းစစ်သည် ၁၉၄၇ ခုနှစ်ကတည်းက စတင်ခဲ့သဖြင့် ကမ္ဘာပေါ်တွင် အရှည်ကြာဆုံး ပြည်တွင်းစစ် ဖြစ်ခဲ့သည်။ အကယ်၍ ဤအမျိုးသားပြန်လည်သင့်မြတ်ရေးအဆိုပြုချက်သာ အထမြောက်ခဲ့လျှင် ပြည်တွင်းငြိမ်းချမ်းရေး ရရှိသွားပြီဖြစ်၍ ပကတိတိုင်းပြည်အခြေအနေနှင့် ကိုက်ညီပြီး နိုင်ငံတကာ အဆင့်မှီ၍ အရည်အသွေး၏ပြည့်ဝသော တပ်မတော်တရပ်တည်းသာ ပေါ်ထွန်းလာရေးကို စနစ်တကျအသွင်ကူးပြောင်းရေး အစီအစဉ်တရပ်ဖြင့် ကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်သည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံဒီမိုကရေစီနှင့် တိုင်းရင်းသားလုပ်ရှားမှုကြီးအနေဖြင့် ဒီမိုကရေစီထွန်းကားသော မြန်မာနိုင်ငံသစ် တည်ဆောက်ရာတွင် စစ်တပ်၏ အခန်းကဏ္ဍကို နိုင်ငံ၏ အရေးကြီးသော မဏ္ဍိုင်တရပ်အဖြစ်လက်ခံသတ်မှတ်သည်။ ခေတ်မီတိုးတက်သော တပ်မတော်တရပ်ထူထောင်ရေး၊ စစ်ဘက်အုပ်ချုပ်ရေးစနစ်မှ အရပ်ဘက်အုပ်ချုပ်ရေးသို့ အသွင် ကူးပြောင်းရေး၊ ခေတ်နှင့်ညီသော လုံခြုံရေးကာကွယ်ရေး စနစ်တရပ် ဖော်ဆောင်ရေးအတွက် အရပ်ဘက်နှင့် စစ်ဘက်တို့ ပူးပေါင်းဆောင်ရွက်ရမည်။ တဆင့်ပြီးတဆင့်၊ ကဏ္ဍတခုချင်း လုပ်ဆောင်ကြရမည်။ ဖြစ်သင့်သော ပြုပြင်ပြောင်းလဲရေး၊ ဆောင်ရွက်ချက်များကို ယုံကြည်မှုတည်ဆောက်ခြင်းနှင့်အတူ ရှာဖွေသွားရမည်။ သို့မှသာ နိုင်ငံတည်ငြိမ်မှုနှင့် စည်းလုံး ညီညွတ်မှုကို ရရှိပေမည်။

ဤရောင်လွှဲ၍ မရသော အာဏာမျှဝေလွှဲပြောင်းမှုလုပ်ငန်းစဉ်ကို ဆောင်ရွက်ရေးနှင့် မြန်မာ့လူမှုအဖွဲ့အစည်းတွင်း စစ်တပ်၏ အခန်းကဏ္ဍကို ရေရှည်ဆီလျော်ညီညွတ်မှုရှိအောင် စိုက်ထူရေးကိစ္စရပ်များတွင် စစ်ဘက်ဆိုင်ရာ အင်အားစု အသီးသီး၏ ပူးပေါင်းပါဝင်မှုကကို အထူးလိုက်လှဲစွာ ဖိတ်ခေါ်အပ်ပါသည်။

(ခ) ဒီမိုကရေစီ လူ့အဖွဲ့အစည်းအတွင်း တပ်မတော်၏ အခန်းကဏ္ဍနှင့်တာဝန်

အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဆောင်ရွက်ကြမည့် တပ်မတော်အပါအဝင် အင်အားစုတိုင်းသည် မိမိတို့တိုင်းပြည် အတွက် မရှိမဖြစ်တည်ရှိရ မည်ဖြစ်သည့် တပ်မတော်၏ အခန်းကဏ္ဍနှင့် တာဝန်ကို ပုံဖော်ကြရမည်။

တပ်မတော်သည်

- –– ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းတရပ်ဖြစ်ပြီး
- –– နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့်ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်ရမည်။
- –– အခြေခံဥပဒေကို တိကျစွာလေးစားလိုက်နာရမည်။
- –– ငြိမ်းချမ်းရေးကို ထိန်းသိမ်းရမည်။

(ဂ)အမျိုးသားလုံခြုံရေးမူဝါဒများချမှတ်ခြင်းဆိုင်ရာ

အမျိုးသားလုံခြုံရေးမူဝါဒဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် အစိုးရနှင့်တပ်မတော် ပူးပေါင်းအဆိုပြုချက် ကို ပြည်သူ့လွှတ်တော် (ဥပဒေပြုလွှတ်တော်)၏ အတည်ပြုချက်ဖြင့် အကောင်အထည်ဖော်သင့်သည်။

ပြည်တွင်းလုံခြုံရေး ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးစေရန်ဆောင်ရွက်ရေးကိစ္စ အဝဝကို ပြည်ထဲရေးဝန်ကြီး အောက်၌ ထားရှိသော ပြည်သူ့ရဲတပ်ဖွဲ့၏ လုပ်ဆောင်ရန် တာဝန်များအဖြစ် သတ်မှတ်ပြီး ပြည်ပအန္တရာယ် ကာကွယ်ရေး နှင့် နိုင်ငံတော်လုံခြုံရေးဆိုင်ရာ တာဝန်များကို ကာကွယ်ရေးဝန်ကြီးဌာနအောက်၌ တည်ရှိမည့် ပြည်သူ့တပ်မတော်အား တာဝန်အပ်နှင်းသင့်သည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးအစီအစဉ်အောက်တွင် ပေါ်ထွက်လာမည့် အစိုးရအနေဖြင့် အမျိုးသားလုံခြုံရေးမူဝါဒများကို ရေးဆွဲရာတွင် လူသားလုံခြုံမှု (Huan Security) အယူအဆကိုပါ ထည့်သွင်းအခြေခံ၍ ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားရေးဆွဲသင့်သည်။

## ၄ ။ အသွင်ကူးပြောင်းရေးကာလ လူမှုရေး စီးပွားရေး ဆိုင်ရာတင်ပြချက်

### က ။ စီးပွားရေးဆိုင်ရာတင်ပြချက်

Agriculture and services dominate the economy, contributing 44% and 36% of GDP respectively. Industry, including natural-gas exports, makes up about 20% of GDP (ADB 2009).

The country's fiscal deficit currently exceeds 11% of GDP (IMF 2007). According to the ADB (2009), official statistics state growth has been over 10% since 2000; however, this figure is not consistent with other reported variables, such as energy use, which are closely linked with GDP. Non-official estimates place GDP growth at less than half what has officially been reported. The Economist Intelligence Unit (2009) quotes Burma's real GDP growth in 2008 as 0.9%. This performance has been mitigated to some extent by increased revenue from natural gas exports, which now represent 40% of Burma's exports and have permitted Burma to convert chronic deficits in its balance of payments to surpluses. However, the full potential of Burma's natural resources for the growth and development of the economy across all sectors and for the benefit and welfare of all the peoples of Burma can be realized.

An open economy and free trade, with an emphasis on trade with our neighbors in the Asia-Pacific region could be beneficial for all. For Burma to prosper, a transitional government will need, in the short term, to take firm measures to stabilize the economy and then, in the medium to long term, to implement measures of fundamental structural reform in the principal sectors of the economy. A National Development Commission designing both long term and short term national development plans and seeking input from the people through a series of forums.

In short order, there is a need to deliver reforms of a systematic, macro-economic nature and not limit itself to piece-meal, superficial steps: genuine and sustainable reform will not be possible unless there is political and economic reform.

### Stabilization

To allow medium to long term structural reforms to be developed in a stable economic environment, the *severest distortions*(to check usage) could be addressed.

- Reduce, through short-term subsidies, the prices of fuel and basic commodities.
- Freeze the printing of money.( Review instead of freeze)
- Permit the Burmese currency to float.
- *Reaffirm current resource exploration/extraction contracts with international companies while serving notice of the government's intention to seek review of those contracts through negotiation or legal avenues.( possibility of China, India, Thailand disagree)*

*Honour business contracts made between foreign enterprises and the SPDC, but undertake a negotiated review of some with regard to profit-sharing and environmental sustainability.* (စီးပွားရေးပညာရှင်တွေကို ပြန်မေးရန် reaffirm and honour အပိုဒ် နှစ်ခုသည် economic stability ကိစ္စနှင့် သင့်တော်သလား )

## Structural Reform

Once the economy has been stabilized, a transitional government will need to turn its attention to fundamental structural reforms in the following key sectors:

(i) Financial Sector
Formal finance is very difficult to access in Burma. According to UNDP surveys, more than 90% of Burma's population is without access to formal finance of any kind.

Currently Burma now suffers from hyperinflation. The following could be done to reform the financial sector.

- Reduce the money supply - mainly the volume of paper currency, as credit is a negligible amount.
- Create a floating exchange rate that is set by market forces of demand and supply. This step will automatically unify the country's multiple exchange rates.
- Abolish foreign-exchange monopolies and/ also authorize private banks to hold foreign exchange.
- Encourage domestic saving and foreign investment by setting up / developing the standards within the Special Economic Zones and creating business estates.
- Reduce import duties and other unnecessary restrictions and to create conditions to promote competitiveness /
- Enact anti-monopoly and anti- trust laws.
- Ensure transparency in public accounting.
- Seek the assistance of international financial institutions in reform.

Specifically as to banking, Burma should establish criteria by which qualified national applicants can establish private commercial banks and open its market to responsible foreign banks.

Burma is a signatory to the Basel Accords, which set out international best-practice banking regulations. The government could assist in revitalizing the private financial sector by providing capital to financial institutions, which would then provide credit based on a normal commercial practice.

### *Economic Policies on Monetary and Financial (The banking and financial institution sectors)*

Awareness has increased that – Monetary policy & Fiscal policy is only one among many policy tools which must be coordinated for maximum effectiveness in the effort to achieve the national goals.

*Monetary*

***Monetary Policy:***

- Central bank must be independent and guided by the policies of the monetary policy committee.
- An independent monetary policy committee is essential.

***Fiscal Policy***

***Recommendations on fiscal and monetary policy:***

1) The central bank to make sure that the *national currency* is moving in line with other countries in the region to compete with them in exports.

2) Interest rate, inflation rate, growth rate and wages of labors are correlated and then, the central bank should always try to update its country economic growth forecast and to maintain a forecast.

3) Exporters shall be allowed to look for new markets. They should appropriately choose financial instruments to manage with possible risks of currency fluctuation.

4) Manufacturers should be allowed to apply for tax incentives under the free-trade agreements, including the ASEAN and Pacific Region - Economic Partnership Agreements (Like AFTA or so many FTAs). Exporters will benefit from the FTAs and the deals could help boost exports.

5) *(Taxation reform for promotion of internal revenue)*

But the spending has risen too. The fiscal deficit is up to 4 per cent of GDP, the highest in Asia, with the printing of money to cover that fuelling inflation. Agriculture, which accounts for 40 per cent of GDP, remains constrained by the restrictions on the transport and sale of rice, and other market interventions that the IMF say "reduces farmers' production incentives".

(ii) Agricultural Sector

Burma's economy remains predominantly based on agriculture – the agricultural sector alone provides for a majority of the country's income and labour force. The following key areas need urgent reform:

- *Equipment and Infrastructure*
- *Credit and Investment*
- *Land ownership*
- *Arbitrary taxes on crops*
- *Forced labour practices*

The following reforms *would be practical* in the agricultural sector:

- Introduce long-term leases.
- Encourage an increase in Foreign Direct Investment (FDI) especially in the area of agricultural technology.
- Provide incentives to increase paddy acreage, as well as the production of edible oils and exportable agricultural products.
- Remove the current ban on commercial bank lending for agricultural purposes.
- Provide micro-financing for small, rural producers.

- Create transparent legislation for new,  land tenure arrangements.
- Complement land title reform with other reforms, such as independent dispute resolution mechanisms.
- Cease arbitrary confiscations of land.
- Remove restrictions on crop choice.

(iii) Industrial Sector
*In spite of Burma's relatively rich agricultural potential, industrial development will be an essential component of the economic development strategy. At only 13% of GDP, we should strive to make Burma's underdeveloped industry a predominant sector of the economy. We envision a broad-based industrial structure, comprising resource-based industries, a modernized manufacturing industry, and some innovative-intensive industries.( to rephrase)*
In view of this, there is need to address the following

- Reform or promote ?????(to ask the author) existing non-state enterprises in the manufacturing sector.
- Remove *unnecessary* restrictions on private investment.
- Privatize state-owned enterprises that are not competitive in a *market economy*.
- Develop physical, social and administrative infrastructures to attract large-scale foreign investments in more productive and sustainable sectors beyond natural resource extraction.
- Encourage the development of local entrepreneurship through industrial education, technological training, greater support for acquiring new technology and industrial-related services.
- *Try to able to nurture infant sectors for export promotion and import substitution.*
- Encourage local equity participation in foreign enterprises, making investment conditional upon the establishment of research centers, the appointment of locals to responsible positions, and a certain amount of technological transfer through training programs.

*Natural Gas and Mining*
Burma has a rich supply of natural gas deposits and minerals, predominately in the Yetagun and Yadana projects, and in Arakan State's offshore gas project. However, income from natural gas exports should benefit all citizens as a whole.

Macro-economic policies need to be considered in the context of taking the best possible advantage of Burma's natural resource wealth. A transitional government would:

- *Reaffirm* commercial *exploration/extraction* contracts.
- Establish an Oil and Gas Management Commission to provide for accountable and transparent accounting of oil revenues. The commission shall take into account the participation and benefit of the local communities.

- Review the state's monopoly over energy and resource management sectors, encouraging private sector participation.
- Review the energy policy, aiming at efficiency and the development of alternative sources of energy. Gradually phase out energy subsidies and allocative quota systems.

**International Trade and Investment**

Presently there are restrictions on trade, repatriation of profits, and access to foreign exchange. The economy should be liberalized and investor confidence restored by ensuring political stability, maintaining policy predictability and removing bureaucratic obstructions. It will also:

- Practice the principles of open international trade, removing barriers to the free flow of trade.
- Accede to the trade liberalization programs of the World Trade Organization, taking steps to fully integrate with the regional and the international economy.
- Impose moderate and uniform export taxes and import tariffs to acquire the revenue needed for macroeconomic stability.
- Promote linkages between local and foreign enterprises.
- Establish institutions to promote trade and investment with the outside world and facilitate the flow of commercial information to potential local producers.

**Environment**

There is currently no national or state coordinated planning to ensure the protection of Burma's environment.

- Create a high-level national environmental Commission with an independent panel of experts and a mandate to adopt recommendations and guidelines for priority actions while facilitating public hearing and submission of disputes and problems.
- Improve the enforcement of existing environmental codes.
- Actively participate in the international debate on climate change and biodiversity preservation and develop a national action plan to fulfill the country's obligations under relevant international *covenants /conventions/treaties*.

The commission should:

  - Set a Maximum Sustainable Yield for renewable resources in order to maintain existing ecosystems.
  - Set an Optimum Rate of Depletion and manage revenues from non-renewable natural resources in order to maximize the social welfare of present and future generations.
  - Review the national reforestation program and mobilize grassroots participation, for example, through the development of community forests, family reforestation, and forest occupancy management.
  - Introduce environmental education into the school system.
  - Prevent and regulate pollution.

ခ ။ ပညာရေးဆိုင်ရာတင်ပြချက်

ဂ ။ ကျန်းမာရေးဆိုင်ရာတင်ပြချက်

ဃ ။ နယ်စပ်ဒုက္ခသည်များ၊ ပြည်တွင်းရွှေ့ပြောင်းလှည့်လည်နေရသော ဒုက္ခသည်များ မူရင်းဌာနေ ပြန်နိုင်ရေးနှင့် လူ့အဖွဲ့အစည်းအတွင်း စနစ်တကျ နေရာချထားရေး

**(Return, Rehabilitation and Reintegration)**

There are estimated to be over 700,000 refugees and displaced persons, of whom about 200,000 are refugees living mainly in Thailand and Bangladesh. Another 500,000 displaced persons are estimated to be in eastern Burma. Thousands of other refugees are also taking refuge in countries such as India, China, Malaysia, etc.

Well-organized voluntary return in group and reintegration is likely to be the best and most durable solution for the refugee and internally displaced person (IDP) population. Conditions need to be in place for a safe and dignified return, with assurances provided to IDPs as to their physical safety upon return. There must be no forced return. Additional requirements include:

- Before the return of refugees, nationwide ceasefire should be declared and National Reconciliation Process has been taken place in irreversible mode.
- A commission must be set up with relevant stakeholders including refugee communities and community leaders.
- The refugee groups and communities leaders must involve in every step of resettlement planning from initiative steps through planning stage and implementing stage.
- The decision of resettlement must reflect the desire of the refugees.
- An information campaign on resettlement on both sides of the border: " Go and See and " Come and Tell" visits in order the educate the refugee about resettlement.
- Security at their homeland :
    - Personal security
    - Community security: to prepared for the protection of possible conflict between returnee refugee and local people

- There should be a certain place to keep them before they actually go back to their places.
- The refugee, IDPs who live close to their village will be the first group to go back and other groups will follow later.
- Technical and other material assistance for the resettlement process including reinforcement of human resources, necessary infrastructure, logistics and communication.
- Assurance of Livelihood
- Support for Vulnerable population: children, elderly, disabled, chronically ill, pregnant women.
- Assistance towards successful reintegration of the refugees and displaced persons, mobilizing donors and coordination with umbrella organizations where they already exist.
- Resolution of legal issues, including returning land and other property to rightful owners using the United Nations High Commission for Refugees' (UNHCR) experience in land and property disputes for people returning to their communities.
- Monitoring mechanism of the entire process of return and reintegration

နိဂုံးချုပ်တင်ပြချက်

We, the movement for democracy and rights of ethnic nationalities in Burma, agree on the common platform outlined in this proposal as our commitment for genuine national reconciliation, democracy and development in Burma.

We seek in unity a system of government for the Burmese people that enshrines respect for human rights and the rule of law, recognition of its ethnic communities, and a programme of sustained economic growth that will benefit all segments of the population. Thus far, there has not been a clear route forward: now such a route exists, embodied in this proposal.

We recognize the challenge the Burmese people face in achieving these goals. But the breadth of groups, associations, and interests that have coalesced around this initiative reflect a broad consensus and a firm basis to work with the current military leaders in a process of dialogue towards democracy and development in Burma.

We sincerely believe that recommendations in this proposal will be helpful for any leaders, governments and institutions who are ardently seeking to find the best political solution in Burma. In that spirit, we call upon all sectors of Burmese society to endorse this proposal and to join us in seeking genuine national reconciliation, a transition to a truly democratic state. We call upon the current Tatmadaw's leaders to engage in good faith negotiations to the ends we have outlined. And we call upon the international community especially the United Nations and Burma's neighbors to lend us active and unwavering support.